မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 9 , 2022 Volume 57, Number 7


| ၉.၈.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၈၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၆၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၅၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၄.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၆.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၇.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၁.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၄၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၃၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၃၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ ၅ နိုင်ငံမှ တင်သွင်းသည့် သကြားထွက်ကုန်တင်ပို့မှုများအပေါ် အခွန်စည်းကြပ် ကောက်ခံခြင်းဖြင့် ကုန်သွယ်ရေးရှောင်လွှဲမှုအား ကုစားသွားမည်

ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်တွင်းသကြားထုတ်လုပ်မှု လုပ်ငန်းကဏ္ဍကို အကာအကွယ်ပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံမှတင်သွင်းသည့် သကြားထုတ်ကုန်များအား ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် အခွန်တိုးမြှင့်ကောက်ခံခဲ့ပြီး ယခုအခါ ကုန်သွယ်ရေး ရှောင်လွှဲမှုများကို ကုစားနိုင်ရန်အတွက် ထပ်မံ၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံ နိုင်ငံ ၅ နိုင်ငံမှ ဖြတ်သန်းတင်သွင်းလာသည့် ထိုင်းနိုင်ငံထွက် ကြံကုန်ကြမ်းများဖြင့် ထုတ်လုပ်ထားသော သကြားထွက်ကုန်များကိုလည်း အဆိုပါအခွန်နှုန်းထားဖြင့် စည်းကြပ်ကောက်ခံသွားမည်ဟု သတင်းထုတ်ပြန်ကြေညာခဲ့သည်။

ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (**Ministry of Industry and Trade–MoIT**) သည် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ ၅ နိုင်ငံမှ တင်သွင်းလာသည့် ထိုင်းနိုင်ငံမှ ကြံနှင့်သကြားထွက်ကုန်ကြမ်းများဖြင့် ပြုလုပ်ထားသော သကြားထွက်ကုန်များနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုဆိုင်ရာရှောင်လွှဲမှုများအား ကာကွယ်တားဆီးရန် တုံ့ပြန်ဆောင်ရွက်မှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ တင်သွင်းလာသော သကြားထွက်ကုန်များအပေါ် **Anti–Dumping Duty** အဖြစ် ၄၂.၉၉ ရာခိုင်နှုန်းနှင့် **Anti–Subsidy Duty** အဖြစ် ၄.၆၅ ရာခိုင်နှုန်း စုစုပေါင်း အခွန်နှုန်းထား ၄၇.၆၄ ရာခိုင်နှုန်းဖြင့် အခွန်စည်းကြပ်ကောက်ခံသွားမည်ဖြစ်သည်။ သို့သော် အဆိုပါနိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံအတွင်း စိုက်ပျိုးရိတ်သိမ်းသည့် ကြံပင်မှထုတ်လုပ်ရရှိသည့် သကြားထွက်ကုန်များအဖြစ် သက်သေပြနိုင်ပါက အထက်ဖော်ပြပါအခွန်နှုန်းထားဖြင့် စည်းကြပ်ကောက်ခံသွားမည်မဟုတ်ကြောင်း သိရှိရပါသည်။

အဆိုပါအခွန်စည်းကြပ်ကောက်ခံမှုသည် ထုတ်ပြန်ပြဋ္ဌာန်းပြီးသည့် (ဩဂုတ်လ ၂ ရက်နေ့) နေ့ရက်မှ ၇ ရက်အတွင်း စတင်အကျိုးသက်ရောက်မည်ဖြစ်ပြီး အချိန်ကာလအားဖြင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ အထိဖြစ်ပြီး ဝန်ကြီးဌာနမှ အမိန့်တစ်စုံတစ်ရာ ထပ်မံပြုလုပ်ခြင်းမရှိသည်အထိ အကျိုးသက်ရောက်နေမည်ဖြစ်ပါသည်။

အဆိုပါဆုံးဖြတ်ချက်သည် **Anti–Dumping** နှင့် **Anti–Subsidy** အခွန်များ ကျသင့်စေသည့် ထိုင်းနိုင်ငံမှ ကြံနှင့်သကြားထွက်ကုန်များအား အာဆီယံနိုင်ငံများမှ တဆင့် ဗီယက်နမ်ဈေးကွက်သို့ ဝင်ရောက်လျက်ရှိသည်ဟူသည့် ဗီယက်နမ်နိုင်ငံ၊


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂၀၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖတ်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ **Trade Remedies Authority** ၏ စုံစမ်းစစ်ဆေးမှုများအပေါ်မူတည်၍ ချမှတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဇွန်လအတွင်း ထိုင်းနိုင်ငံမှထွက်ရှိသည့် ကြံနှင့်သကြားထွက်ကုန်များကို အခွန်တိုးမြှင့်၍ စည်းကြပ်ကောက်ခံခဲ့ခြင်းဖြစ်ပါသည်။ ဗီယက်နမ်နိုင်ငံရှိ ပြည်တွင်းဥပဒေများပါပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာ ကတိကဝတ်များနှင့်အညီ ဓမ္မဓိဋ္ဌာန်ကျကျ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည့်စုံစမ်းစစ်ဆေးမှုများအပေါ်အခြေခံ၍ အဆိုပါကုန်သွယ်မှုရှောင်လွှဲခြင်းအား တားဆီးကာကွယ်ရေး အစီအမံများကို လိုက်နာကျင့်သုံးခြင်းဆိုင်ရာဆုံးဖြတ်ချက်ကို ထုတ်ပြန်ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု ဝန်ကြီးဌာနမှ အတည်ပြုပြောကြားခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၊ အကောက်ခွန်ဦးစီးဌာနမှ အချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ထိုင်းနိုင်ငံမှ ဗီယက်နမ်နိုင်ငံ သို့ သကြားတင်ပို့မှုအား စုံစမ်းစစ်ချက်များပြုလုပ်ပြီးနောက် မကြာမီကာလအတွင်း အဆိုပါနိုင်ငံ ၅ နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သကြားတင်ပို့မှုပမာဏသည် ၅၂၇,၀၀၀ တန်မှ ၁၀၇,၆၀၀ တန်အထိ တိုးမြင့်လာသည်ကို တွေ့ရှိရကြောင်း၊ ထိုအချိန်အတောအတွင်း ထိုင်းနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သကြားတင်ပို့မှုပမာဏသည် ၅၉၅,၀၀၀ တန်ခန့်၊ ၃၈ ရာခိုင်နှုန်းနီးပါးကျဆင်းသွားသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။

ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာန (**Ministry of Agriculture and Rural Development**)၊ အကောက်ခွန်ဦးစီးဌာန (**General Department of Customs**) နှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကုန်သွယ်မှုကုစားရေး၏ အကျိုးသက်ရောက်မှုများကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းသကြားထုတ်လုပ်မှုလုပ်ငန်းကဏ္ဍသည် နိုင်ငံရပ်ခြားမှ သကြားထွက်ကုန်များ ပေါ်များစွာ တင်သွင်းနေမှုများကြောင့် အားနည်းလျက်ရှိပြီး သကြားဈေးကွက်အတွင်း ဈေးကွက်ဝေစု ၂၀ ရာခိုင်နှုန်း သာရှိကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသကြားလုပ်ငန်းရှင်များအသင်း၏ ပြောကြားချက်များအရ ယခုနှစ်အတွင်း မှောင်ခိုတင်သွင်းမှုသည် ကုန်ကျစရိတ် ၁ ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၆,၄၀၀ ရှိပြီး ပြင်ပဈေးကွက်တွင် သန့်စင်ပြီးသကြားဈေးနှုန်း ၁ ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၈,၀၀၀ နှင့် မသန့်စင်ရသေးသည့်သကြားဈေးနှုန်းမှာ ၁ ကီလိုဂရမ် လျှင် ဗီယက်နမ်ဒေါင် ၁၇,၂၀၀ သို့ ကျဆင်းသွားခဲ့ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့်ကြံရိတ်သိမ်းချိန်ရာသီ၌ သကြားစက်ရုံများမှ သကြားထုတ်လုပ်မှုသည် ၇၅၀,၀၀၀ တန်ရှိခဲ့ရာ ၅၀ ရာခိုင်နှုန်းသာလျှင် ပြည်တွင်း၌ စားသုံးနိုင်ခဲ့ပြီး သကြားစက်ရုံ ၄၁ ခုရှိသည့်အနက် ၂၅ ခုသာ လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။ စက်ရုံအချို့ ပိတ်လိုက်ရသည့်အတွက် လုပ်သားပေါင်း ၃,၃၀၀ ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး ကြံစိုက်ပျိုးတောင်သူပေါင်း ၁၀၀,၀၀၀ ခန့်အား ထိခိုက်နစ်နာခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ နှစ်စဉ်သကြားလိုအပ်ချက်ပမာဏသည် တန် ၂.၂ သန်းရှိပြီး တရားဝင်လမ်းကြောင်းများမှ တင်သွင်းမှုနှင့်မှောင်ခိုတင်သွင်းမှု စုစုပေါင်း တန် ၂ သန်းခန့်ရှိပါသည်။

ထိုင်းသကြားအား ဗီယက်နမ်နိုင်ငံမှ အခွန်စည်းကြပ်ကောက်ခံခြင်း ကို ရှောင်လွှဲနိုင် ရန်အတွက် အိမ်နီးချင်းနိုင်ငံများသို့ အရင်တင်ပို့ပြီးမှ ဗီယက်နမ်နိုင်ငံဈေးကွက်သို့ မူရင်းမူလနိုင်ငံ (**Country of Origin**) အဖြစ် ကြေညာကာတင်သွင်းလျက်ရှိပါသည်။

၂၀၂၁ ခုနှစ်တွင် အထက်ဖော်ပြပါနိုင်ငံ ၅ နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သကြားတင်ပို့မှုသည် တန် ၁.၄ သန်း ပတ်ဝန်းကျင်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ပထမ ၅ လတာ ကာလအတွင်း တန် ၆၀၀,၀၀၀ ခန့်ရှိခဲ့ကြောင်း အချက်အလက်များအရ သိရှိရပါသည်။

Source: **ပြည့်ဖြိုးအောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ထိုင်းနိုင်ငံ ဆန်တင်ပို့မှု မြင့်တက်လာမှုကြောင့် ကမ္ဘာ့ဒုတိယအများဆုံး ဆန်တင်ပို့နိုင်ငံဖြစ်ရန် နီးစပ်လာ

ယခုနှစ် ပထမခြောက်လအတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် တန်ချိန် ၃ ဒသမ ၅၀ သန်းအထိ ရှိလာခဲ့ပြီး ဝင်ငွေဘတ် ၆၀ ဒသမ ၉၃ ဘီလီယံ ရရှိခဲ့သည်။ "ဒါဟာ ထိုင်းလယ်သမားတွေအတွက် သတင်းကောင်းပါပဲ" ဟု စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီး Chalermchai Sree-on က စနေနေ့တွင် ပြောကြားခဲ့သည်။ ပို့ကုန်တိုးလာခြင်းက ပြည်တွင်းဆန်ဈေးကိုမြင့်တင်နိုင်မည် ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

နိုင်ငံသည် ယခုနှစ်တွင် ဆန်တန်ချိန် ၇ သန်းကျော်တင်ပို့နိုင်ပါက ဗီယက်နမ်ကိုအနိုင်ယူပြီး ကမ္ဘာ့ဒုတိယအကြီးဆုံးဆန်တင်ပို့သူဖြစ်လာနိုင်သည်ဟု ၎င်းကပြောသည်။ ထိုင်းဆန်တင်ပို့သူများအသင်းနှင့် အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ ထိုင်းနိုင်ငံသည် ဇွန်လတစ်လတည်းတွင် ဘတ် ၁၃ ဒသမ ၁၂ ဘီလီယံ တန်ဖိုးရှိ ဆန် ၇၆၄,၁၃၁ တန်တင်ပို့ခဲ့သည်။ ဇွန်လအတွင်း ဆန်ဖြူ ၄၀၅,၉၆၃ တန် ရောင်းချခဲ့ရပြီး ဆန်တင်ပို့မှုမြင့်တက်ခဲ့သည်။ ဇွန်လတွင် စံပယ်ဆန် ၁၄၀,၂၂၅ တန်နှင့် ပေါင်းဆန် ၁၀၃,၈၆၅ တန် တင်ပို့ခဲ့သည်။

ယခုနှစ်တွင် ကမ္ဘာ့ဆန်ကုန်သွယ်မှုသည် တန်ချိန် ၄၆ ဒသမ ၄ သန်းအထိ မြင့်တက်လာမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀,၀၀၀ တိုးလာမည်ဟု Chalermchai က သုံးသပ်သည်။ ၂၀၂၁-၂၀၂၂ ခုနှစ် စပါးထုတ်လုပ်မှုစက်ဝန်းအတွင်း ကမ္ဘာ့ဆန်အထွက်နှုန်းသည် တန်ချိန် ၅၀၅.၄ သန်း ဝန်းကျင်ရှိပြီး ယခင် စပါးထုတ်လုပ်မှုစက်ဝန်းနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၁.၉ သန်း တိုးလာမည်ဟုလည်း ၎င်းကသုံးသပ်သည်။

ဩစတြေးလျ၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ဥရောပ၊ ပါရာဂွေး၊ ဥရုဂွေးနှင့် ထိုင်းနိုင်ငံတို့မှ ဆန်တင်ပို့မှု မြင့်တက်လာရန်မျှော်လင့်ကြောင်း၊ ကိုလံဘီယာ၊ အီကွေဒေါ၊ အိန္ဒိယ၊ အီရတ်၊ မဒါဂတ်စကာ၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ အမေရိကန်နှင့်ဗီယက်နမ်တို့မှ ဆန်တင်ပို့မှုကျဆင်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ယခုနှစ်တွင် ဆန်တန်ချိန် ၇ သန်းမှ ၇ ဒသမ ၅ သန်းအထိ တင်ပို့နိုင်မည်ဖြစ်သည်။ "ဒါက ဗီယက်နမ်အစား ထိုင်းကကမ္ဘာ့ဒုတိယအကြီးဆုံး ဆန်တင်ပို့သူ ဖြစ်လာမှာပါ" ဟု ၎င်းက ပြောကြားခဲ့သည်။ သို့သော်လည်း Chalermchai ကအကြောင်းရင်းများစွာသည် ယခုနှစ် ဒုတိယနှစ်ဝက်တွင် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုကို ထိခိုက်နိုင်သည်ဟုဆိုသည်။ ဘတ်ငွေတန်ဖိုး၊ အဓိကဆန်တင်ပို့သူများ၏ ကုန်ထုတ်စွမ်းအား၊ ဓာတ်မြေဩဇာအပါအဝင် သွင်းအားစုနှင့်ထုတ်လုပ်မှု ကုန်ကျစရိတ်တို့အပေါ် ရုရှား-ယူကရိန်းစစ်ပွဲသက်ရောက်မှုနှင့် Covid-19 စီးပွားရေးကျဆင်းမှုတို့က ထိုင်းဆန်တင်ပို့မှုအပေါ်သက်ရောက်မှုရှိသည်။

ဗီယက်နမ်သည် ယခုနှစ် ပထမငါးလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ ဘီလီယံ ဖိုး၊ ဆန်တန်ချိန် ၂ ဒသမ ၇၇သန်း တင်ပို့ခဲ့သည်။

**Source: THE NATION**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/4788-due-to-the-rise-in-rice-exports,-thailand-is-close-to-becoming-the-world-s-second-largest-rice-exporter.html

## ဒေါ်လာဈေး၊ ထိုင်းဘတ်ငွေဈေး စံချိန်တင်မြင့်တက်လာခြင်းကြောင့် ကုန်သွယ်မှုလုပ်ငန်းရပ်ဆိုင်းသည့် နယ်စပ်ကုန်သည်အချို့ရှိလာကြောင်း မြဝတီဒေသခံကုန်သည်အချို့ပြောကြား

ဒေါ်လာဈေး၊ ထိုင်းဘတ်ငွေဈေး စံချိန်တင်မြင့်တက်လာခြင်း၊ မြန်မာကျပ်ငွေတန်ဖိုးလျော့ကျလာခြင်းကြောင့် မြဝတီနယ်စပ်ကုန်သွယ်လုပ်ငန်းကို များစွာထိခိုက်လျက်ရှိကာ ကုန်သွယ်မှုလုပ်ငန်းရပ်ဆိုင်းသည်အထိရှိလာကြောင်း မြဝတီကုန်သည်များထံမှသိရသည်။

ပြင်ပဒေါ်လာဈေးမှာ ဗဟိုဘဏ်မှ သတ်မှတ်သောဈေးနှင့် ကွာဟနေခြင်းကလည်း ပြည်ပပို့ကုန်တင်ပို့မှု အခက်အခဲရှိလာကြောင်းနှင့် ဘတ်ငွေဈေး မြင့်တက်နေခြင်းကြောင့် ပြည်တွင်းသို့ ထိုင်းကုန်ပစ္စည်းတင်သွင်းရာတွင် အရှုံးပေါ်နေသည်ဟုကုန်သည်တစ်ဦးကပြောကြားသည်။ "ကျွန်တော်တို့ ကုမ္ပဏီကတော့ရပ်လိုက်ရပါပြီ။ အထူးသဖြင့်ကတော့ ထိုင်းနိုင်ငံကိုရောင်းလို့ရရှိတဲ့ ပို့ကုန်တန်ဖိုးကို မြန်မာဘဏ်ကို ဒေါ်လာဝယ်သွင်းရပြီး မြန်မာငွေပြန်ထုတ်ပေးတဲ့အခါ အရှုံးပေါ်တာပါ။ ဒီအရှုံးနဲ့ ဆက်လုပ်နေကြပေမဲ့ အရင်နှစ်တွေက ပို့ကုန်တွေအတွက် Back Date နဲ့ ငွေပြန်သွင်းခိုင်းတာ အားလုံး အခက်အခဲ

ဖြစ်ကြတယ်။ အများစုကတော့ လုပ်ငန်းတွေရပ်၊ မသွင်းနိုင်တဲ့ကုမ္ပဏီတွေလည်း ပိတ်ခံထိတယ်လေ။ ကုန်သွယ်မှုကတော့ ပို့ကုန်ရောသွင်းကုန်ပါ တဖြည်းဖြည်းလျော့ကျလာဖို့ရှိပါတယ်”ဟု နယ်စပ်ကုန်သွယ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြဝတီနယ်စပ်မြို့တွင် ထိုင်းဘတ်ငွေနှင့် မြန်မာကျပ်ငွေနှစ်မျိုးစလုံး သုံးစွဲလျက်ရှိကာ ကုန်ပစ္စည်းများအား ထိုင်းဘတ်ငွေဖြင့်ဝယ်ယူရာတွင် မူလဈေးအတိုင်းဝယ်ယူရသော်လည်း မြန်မာကျပ်ငွေဖြင့်ဝယ်ယူရာတွင် ဘတ်ငွေပေါက်ဈေးဖြင့်သာတွက်၍ ငွေချေရသည်။ ယခုအခါ ဘတ် ၁၄၀၀ လျှင် မြန်မာကျပ်တစ်သိန်းပေါက်ဈေးရှိသည့်အတွက် ယခင်လက ဘတ် ၁၇၀၀၀ တန်ဖိုးရှိ ကုန်ပစ္စည်းကို ကျပ်တစ်သိန်းပေးဝယ်ရသော်လည်း ယခုလတွင် ကျပ် ၁၂၅၀၀ ပေးဝယ်ရသဖြင့် ယခင်လထက် ကျပ် ၂၅၀၀ ပိုပေးနေရပြီး ကုန်ဈေးနှုန်း မြင့်တက်ကာ စားသုံးမှုဈေးကွက်ကို ထိခိုက်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံဘက်သို့ မြန်မာ့လယ်ယာထွက်ကုန် ပြောင်းဆန်များ အခွန်ကင်းလွတ်ခွင့်ဖြင့်တင်ပို့မှုကို ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိသာ တင်ပို့ခွင့်ရသော်လည်း ထိုင်းနိုင်ငံဘက်သို့ ဘတ်ငွေဖြင့်ရောင်းကာ ဒေါ်လာငွေဝယ်ယူပြီး မြန်မာဘဏ်သို့ ပို့ကုန်တန်ဖိုးသွင်းပြီးမှ သတ်မှတ်ဈေးဖြင့် မြန်မာကျပ်ငွေ ထုတ်ယူရသည့်အတွက် ပြောင်းဆန်တင်ပို့မှုကို ရပ်ဆိုင်းလိုက်သူများရှိသည်ဟုဆိုသည်။ “ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆိုရင် ပြောင်းကား အစီး၂၀ ထိုင်းကို တင်ပို့လိုက်တာမှာ ဘတ်ကနေ ဒေါ်လာ၊ ဒေါ်လာကနေ မြန်မာကျပ်ငွေပြန်ရတော့ ကျပ်သိန်းတစ်ထောင်ကျော် အရှုံးပေါ်သွားတယ်”ဟု ကုန်သည်တစ်ဦးက ပြောကြားသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်စခန်းများအနက် ကုန်သွယ်မှုအများဆုံးဖြစ်သော်လည်း ယခုဘဏ္ဍာနှစ် ဧပြီလမှဇူလိုင်လကုန်ထိ ကုန်သွယ်မှုမှာ ယခင်နှစ်ကာလတူကထက် ကုန်သွယ်မှုလျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်သော ကုန်သွယ်မှုအချက်အလက်များအရသိရသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ လက်ရှိဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင်၂၉ ရက်အထိ မြန်မာ့လယ်ယာထွက်ကုန် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃၁၉ ဒသမ ၄၀၃ သန်းသာ တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်က တင်ပို့ခဲ့သည့် အမေရိကန်ဒေါ်လာ ၃၉၀ ဒသမ ၄၇၀ သန်းထက် ဒေါ်လာ ၇၁ ဒသမ ၀၆၇ သန်းလျော့ကျခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဘက်သို့ လေးလအတွင်း ထိုင်းကုန်ပစ္စည်းတင်သွင်းမှုမှာ ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၃၆ ဒသမ ၅၅၆ သန်း ကုန်သွယ်နိုင်ခဲ့ကြောင်း၊ ပို့ကုန်နှင့်သွင်းကုန် ကုန်သွယ်မှုပမာဏမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၇၆၅ ဒသမ ၉၅၉ သန်း ကုန်သွယ်နိုင်ခဲ့သော်လည်း ယခင်နှစ်ကာလတူ လေးလအတွင်း ကုန်သွယ်ခဲ့သည့် အမေရိကန်ဒေါ် လာ ၇၉၇ ဒသမ ၄၁၀ သန်းနှင့်နှိုင်းယှဉ်ပါက ဒေါ်လာ ၃၀ဒသမ ၄၅၁ သန်းထိ လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းများအရသိရသည်။

**Source:** https://news-eleven.com/article/235356

## ဓာတ်မြေသြဇာ သယ်ယူခွင့်ပိတ်မှုနှင့် နယ်စပ်ဂိတ်တွင် ကပ်ရောဂါစိစစ်မှုကြောင့် ကချင်ပြည်နယ်ရှိ တရုတ်တစ်ရှူး ငှက်ပျောခင်းများ စိုက်ပျိုးမှုထက်ဝက်ကျော်ကျဆင်း

ကချင်ပြည်နယ်အတွင်းရှိ တရုတ်တစ်ရှူးငှက်ပျောခင်းများမှာ ဓာတ်မြေသြဇာသယ်ယူခွင့်နှင့် နယ်စပ်ဂိတ်တွင် ကပ်ရောဂါစိစစ်မှုကြောင့် စိုက်ပျိုးမှုထက်ဝက်ကျော်ကျဆင်းခဲ့ကြောင်း ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းမှသိရသည်။

စိုက်ပျိုးမှုကျဆင်းရသည့် အကြောင်းရင်းများတွင် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးသယ်ယူခွင့်လုံးဝမရခြင်း၊ နယ်စပ်ဂိတ်များတွင် ကိုဗစ်ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများ စိစစ်ရာတွင် လုပ်ငန်းအဆင့်ဆင့်လုပ်နေကြရခြင်းကြောင့် အချိန်ကြန့်ကြာကာ ဆုံးရှုံးမှုများရှိနေခြင်းကြောင့် တရုတ်တစ်ရှူးငှက်ပျောစိုက်ပျိုးမှု ထက်ဝက်ကျော်ကျဆင်းသွားရခြင်းဖြစ်ကြောင်း ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးလာရစ်ကပြောကြားသည်။ ၎င်းက “မြစ်ကြီးနားခရိုင်မှာ ဧကလေးသောင်းကျော်၊ ဗန်းမော်မှာ ဧကတစ်သောင်းကျော်လောက်ကျန်တော့မယ်။ အဓိကက နယ်စပ်ဂိတ်မှာကြန့်ကြာတာထက် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးသယ်ယူခွင့်ကို တရုတ်ဘက်ကပိတ်လိုက်တဲ့အခါ ထိခိုက်သွားတာ။ စံချိန်မီဖို့ အသီးလှဖို့က ဆေးမပါရင် ဖြစ်မှမဖြစ်တာကို။ မြေသြဇာကောင်းတဲ့မြေမှာစိုက်တဲ့ ငှက်ပျောတွေကိုမှ အသီးအတွက်ဆိုရင်

မြေဩဇာက ထည့်ကိုထည့်ရမှာဖြစ်ပါတယ်။အဲဒါမှ အနံ့၊ အရသာ၊ အရွယ်အစား ရောင်းတန်းဝင်မှာဖြစ်ပါတယ်။ ဒီနှစ်မိုးမှာလည်း ငှက်ပျောစိုက်ပျိုးသူတွေ ရှုံးနေတယ်။ လာမယ့်နွေမှာ ရေတင်စိုက်ပျိုးရရင် မလွယ်ဘူး။ နောက်ဆုတ်ဖို့ပဲရှိတယ်”ဟု ပြောကြားသည်။

လက်ရှိတွင် တစ်ရှူးငှက်ပျောခြံများအတွင်း အပင်အရေအတွက်အလိုက် တာဝန်ခံစိုက်ပျိုးသည့် ကျင်စားအလုပ်သမားများ၊ နေ့စားအလုပ်သမားများမှာ ငွေကြေးအချိန်မီ လည်ပတ်နိုင်ခြင်းမရှိသည့်အတွက် နီးစပ်ရာကျေးရွာမှ ကျေးရွာတာဝန်ခံများ၊ ရပ်မိရပ်ဖများက တာဝန်ယူဖြေရှင်းနေရကြောင်း တာလောကြီးတိုက်နယ်မှ ကျေးရွာတာဝန်ခံတစ်ဦးက ဆိုသည်။ ၎င်းက “အဓိက အောက်ခြေမှာဖြစ်တာက အလုပ်သမားတွေကို ငွေကိုအချိန်မီမထုတ် ပေးနိုင်တာပေါ့။ အဲဒီတော့ ဈေးဆိုင်က အကြွေးမပေး။ စားရေးကျပ်ကြတာပေါ့။ နောက်တစ်ချက်က မြေဩဇာမထည့်ရတော့ အသီးတွေက စံချိန်မမီရင် အပယ်ခံရတယ်။ အခင်းစောင့် အလုပ်သမားနဲ့ ပြဿနာတက်ပြန်ရော။ အထိနာတာက ဈေးဆိုင်တွေပဲ။ အကြွေးမပေးရင်လည်း ဝယ်မယ့်သူမရှိ။ ပေးပြန်ရင်လည်း ရှုံးဖို့များ။ ဈေးနှုန်းကတတက်။ အလုပ်သမားတွေ ထွက်ပြေးရင် သူက စာရင်းပဲကျန်တယ်။ သူ့ဇာတိလိုက်တောင်းရအောင်လည်း မဖြစ်နိုင်။ အဲဒီလို သံသရာလည်နေကြတာ။ မနေ့ကပဲ ကျင်စားနဲ့ အခင်းရှင် ဘာသာပြန် ဓားခုတ်မှု ဖြစ်သေးတယ်”ဟု ပြောကြားသည်။

တစ်ရှူးငှက်ပျောခင်းများတွင် ငွေကြေးမလည်ပတ်မှုကြောင့် ယင်းငှက်ပျောခင်းများအတွင်း ဈေးရောင်းသူများကို ထိခိုက်လာပြီး ကျင်းစားအလုပ်သမားတစ်ဦးလျှင် ကျပ်သိန်းချီ အကြွေးတင်နေပြီး အကြွေးစနစ်များသာ လည်ပတ်နေရသဖြင့် အခက်အခဲများစွာရှိနေကြောင်း ငှက်ပျောခင်းများတွင် ဈေးရောင်းချနေသူများကဆိုသည်။

တစ်ရှူးငှက်ပျောခင်းတွင် ငါးနှစ်နီးပါး ဈေးရောင်း၊ ကျင်စားယူလုပ်ငန်းလုပ်ကိုင်ခဲ့သူ ကိုသန့်ဇင်က “ဒီနှစ်တော့ အဆင်မပြေနိုင်တော့တာနဲ့ နေအိမ်ပြန်ပြီ။ အဓိကက အလုပ်သမားအတွက် ငွေမလည်တာပါ။ နယ်စပ် ဂိတ်ကလည်း ဘယ်အချိန်ပိတ်မယ်၊ ဖွင့်မယ် ဆိုတာလည်း မသေချာလှဘူး။ အဲဒါကြောင့် ပြန်ခဲ့တာ။ ဆိုင်ရောင်းတော့ အကြွေးတွေလည်း ဆုံးကုန်တာပေါ့”ဟု ပြောကြားသည်။

ကချင်ပြည်နယ်တွင် လူမှုအဖွဲ့အစည်းများက ကောက်ယူထားသောစာရင်းအရ တရုတ်တစ်ရှူးငှက်ပျော စိုက်ဧကပေါင်း တစ်သိန်းခွဲဝန်းကျင်ရှိသည်။ တစ်ရှူးငှက်ပျောပင် သန်းပေါင်း ၂၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်းသိရသည်။

**Source:**https://news-eleven.com/article/235355

## ဆန်ရောင်းလိုအားများ ကျဆင်းနိုင်၍ ကမ္ဘာ့ဆန်ဈေးလည်း တက်ဖွယ်ရှိနေ

ကမ္ဘာပေါ်မှာ ဆန်တင်ပို့မှုအများဆုံးဖြစ်တဲ့ အိန္ဒိယအပါအဝင် ဆန်အဓိကတင်ပို့နေတဲ့ အခြားအာရှနိုင်ငံတွေမှာ ဆိုးရွားလွန်းတဲ့ရာသီဥတုတွေ ကြုံနေရတာကြောင့် ကမ္ဘာရဲ့အခြေခံအကျဆုံး အစားအစာဖြစ်တဲ့ ဆန်ရောင်းအားတွေ ကျဆင်းလာဖို့ရှိနေသလို နဂိုကတည်းက အမြင့်ဆုံးနှုန်းအနီး ရောက်ရှိနေပြီးဖြစ်တဲ့ ကမ္ဘာ့စားသောက်ကုန်ဈေးတွေကိုလည်း ထပ်တိုးမြင့်တက်လာစေပါတော့မယ်။

ကိုဗစ်ကပ်ရောဂါ၊ ကမ္ဘာ့ရောင်းအားပြတ်တောက်မှုနဲ့ မကြာသေးခင်ကဖြစ်လိုက်တဲ့ ရုရှား-ယူကရိန်းစစ်ပွဲတို့ကြောင့် တခြားသော စားသောက်ကုန်ဈေးနှုန်းတွေ ပိုမိုကြီးမြင့်လာခဲ့ချိန်မှာ ကုန်လက်ကျန်များနေခဲ့တဲ့ ဆန်ကတော့ ပြီးခဲ့တဲ့ နှစ်နှစ်အတွင်း တခြားစားသောက်ကုန် ဈေးနှုန်းတွေလောက် မမြင့်တက်ဘဲရှိနေခဲ့ပါတယ်။

ဒါပေမဲ့ ကမ္ဘာ့ဆန်အထွက်ရဲ့ ၉၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေတဲ့ အာရှဆန်တင်ပို့နိုင်ငံတွေမှာ ထူးထူးခြားခြား ဆိုးရွားတဲ့ရာသီဥတုကို ကြုံနေရတာကြောင့် ဆန်ဈေးအပြောင်းအလဲတွေဖြစ်လာဖို့ရှိတယ်လို့ ကုန်သည်နဲ့ဈေးကွက်စောင့်ကြည့်သူတွေကပြောပါတယ်။ "အဓိက ဆန်တင်ပို့နေတဲ့ နိုင်ငံတွေမှာ ဆန်စပါးထုတ်လုပ်မှု ကျဆင်းလာနိုင်တာနဲ့အညီ ဆန်ဈေးတွေ မြင့်တက်လာဖို့ အလားအလာ ရှိနေပါတယ်" လို့ National Australia Bank ရဲ့ လယ်ယာစီးပွားပညာရှင် Phin Ziebell က ပြောပါတယ်။ "ဆန်ဈေး မြင့်တက်လာခြင်းဟာ စားစရာဝယ်ယူနိုင်ဖို့ အခက်အခဲတွေ့နေရတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် ကြီးမားတဲ့ စိန်ခေါ်မှုသစ်တစ်ခု ထပ်တိုးဖြစ်ပေါ်စေပါလိမ့်မယ်" လို့ Ziebell က ရိုက်တာသတင်းဌာနကို ပြောပါတယ်။

အိန္ဒိယဆန်စပါးဒေသတွေမှာ မိုးမမှန်တာ၊ တရုတ်မှာ အပူလှိုင်းဖြစ်တာ၊ ဘင်္ဂလားဒေ့ရှ်မှာ ရေကြီးတာနဲ့ ဗီယက်နမ်မှာ ဆန်အရည်အသွေး ထိခိုက်ကျဆင်းတာ စတာတွေတို့ကြောင့် ကမ္ဘာ့ဆန်ထုတ်လုပ်မှုအများဆုံး နိုင်ငံငါးခုအနက် လေးနိုင်ငံမှာ အထွက်တွေ ကျဆင်းလာနိုင်တယ်လို့ တောင်သူတွေ၊ ကုန်သည်တွေနဲ့ ဈေးကွက်စောင့်ကြည့်သူတွေက ရိုက်တာသတင်းဌာနကို ပြောပါတယ်။

"နှစ်ဆန်းပိုင်းတုန်းက တခြားစားသောက်ကုန်ဈေးတွေ မြင့်တက်နေခဲ့ပေမဲ့ ဆန်ဈေးကတော့ ဝယ်နိုင်ခြမ်းနိုင် အခြေအနေမှာ ရှိခဲ့ပါတယ်" လို့ ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ (FAO) ရဲ့ စီးပွားရေးပညာရှင် Shirley Mustafa က ပြောပါတယ်။ "ယခုတော့ ဆန်အဓိက ထုတ်လုပ်တဲ့ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်အပါအဝင် နိုင်ငံတွေမှာ ရာသီဥတု ဖောက်ပြန်မှုတွေ တွေ့မြင်လာရပါတယ်။ လာမဲ့သီတင်းပတ်တွေအတွင်း အခြေအနေတိုးတက်မလာဘူးဆိုရင် အထွက်နှုန်း ကျဆင်းမှုဖြစ်လာနိုင်ပါတယ်" လို့ Mustafa က ပြောပါတယ်။

အိန္ဒိယရဲ့ ဆန်အဓိက ထွက်ရှိရာ ပြည်နယ်တွေဖြစ်တဲ့ ဘီဟာ၊ ဂျာခန်း၊ အနောက်ဘင်္ဂလားနဲ့ဥတ္တရဒေသ ပြည်နယ်တွေမှာ ယခုနှစ်အတွင်း မိုးရေချိန် ပုံမှန်ထက် ၄၅ ရာခိုင်နှုန်းအထိ လျော့နည်းခဲ့တယ်လို့ အိန္ဒိယအစိုးရ မိုးလေဝသဌာနက ထုတ်ပြန်တဲ့ ကိန်းဂဏန်းအချက်အလက်တွေအရ သိရပါတယ်။

မိုးနည်းတာကြောင့်လည်း ယခုနှစ်အတွင်း ဆန်စပါးစိုက်ဧရိယာ ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အထွက်နှုန်းဟာ ယခင်နှစ်ထက် ရှစ်ရာခိုင်နှုန်း ဒါမှမဟုတ် တန်ချိန် ၁၀ သန်းလောက် ကျဆင်းလာနိုင်တယ်လို့ အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ B.V. Krishna Rao က ပြောပါတယ်။

တောင်သူတချို့ဟာ ပဲနဲ့ဆီထွက်သီးနှံ ပြောင်းစိုက်ကြတာကြောင့်လည်း စပါးစိုက်ဧရိယာ ကျဆင်းလာရတာလို့ Rao က ပြောပါတယ်။ အိန္ဒိယရဲ့ မိုးစပါးဟာ တစ်နှစ်တာ ဆန်စပါးအထွက်ပမာဏအနက် ၈၅ ရာခိုင်နှုန်းအထိ ထုတ်လုပ်ပေးနေပြီး ၂၀၂၂ ဇွန်လအထိဖြစ်တဲ့ ယခင်သီးနှံနှစ်တုန်းကဆိုရင် အထွက်တန်ချိန် ၁၂၉ ဒသမ ၆၆ သန်းအထိ စံချိန်တင် မြင့်တက်ခဲ့ပါတယ်။ "အထွက်ကျမှာကတော့ သေချာတယ်။ မေးခွန်းထုတ်စရာက အစိုးရဘယ်လိုတုံ့ပြန်မလဲဆိုတာပဲ" လို့ မွန်ဘိုင်းမြို့ အခြေစိုက် ကုန်သည်တစ်ဦးကပြောပါတယ်။

အိန္ဒိယရဲ့ ဆန်နဲ့ စပါးလက်ကျန်ဟာ ဇူလိုင် ၁ ရက်နေ့စာရင်းအရ စုစုပေါင်းတန်ချိန် ၅၅ သန်း ရှိခဲ့ပြီး မျှော်မှန်းချက်ဖြစ်တဲ့ တန်ချိန် ၁၃ ဒသမ ၅၄ ထက် ပိုများပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့နှစ်မှာ အိန္ဒိယဆန်ဈေးတွေ ကျဆင်းခဲ့ပြီး ပြည်ပတင်ပို့မှု တန်ချိန် ၂၁ ဒသမ ၅ သန်းနဲ့ စံချိန်တင်ခဲ့ပါတယ်။ ဒီပမာဏဟာ အခြားဆန်တင်ပို့မှု ထိပ်သီးတွေဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နဲ့ အမေရိကန်ပြည်ထောင်စုလေးနိုင်ငံ စုစုပေါင်းတင်ပို့မှုထက်တောင် ပိုများခဲ့ပါတယ်။ "ဒါပေမဲ့ အစိုးရဟာ ကုန်ဈေးနှုန်းနဲ့ပတ်သက်လာရင် အကဲဆတ်လွန်းတယ်။ ဈေးနည်းနည်း ထပ်တက်လာတာနဲ့ ပို့ကုန်ပိတ်လိုက်တာမျိုး လုပ်လာနိုင်တယ်" လို့ အိန္ဒိယကုန်သည်က ပြောပါတယ်။

ဗီယက်နမ်မှာတော့ စပါးရိတ်တုန်းရိတ်ဆဲမှာ မိုးရွာတာကြောင့် စပါးအရည်အသွေးတွေ ထိခိုက်ခဲ့ရပါတယ်။ "ကောက်ရိတ်နေတဲ့ကာလမှာ မိုးဒီလောက်ရွာတာ တစ်ခါမှာ မကြုံဖူးဘူး။ တော်တော်ကို မှုမမှန်တာပါ" လို့ ဗီယက်နမ် မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသက တောင်သူတစ်ဦးဖြစ်သူ Tran Cong က ပြောပါတယ်။ "ဆယ်ရက်အတွင်း ရွာလိုက်တဲ့မိုးဟာ ပြီးခဲ့တဲ့ တစ်လလုံးက ရွာခဲ့တဲ့ မိုးရေချိန်နဲ့ ထပ်တူလောက်ပဲ" လို့ ၎င်းက ပြောပြီး ရေကြီးရေလျှံတာကြောင့် သူ့ရဲ့ နှစ်ဟက်တာ စပါးခင်း ၇၀ ရာခိုင်နှုန်းလောက် ပျက်စီးမယ်လို့ ခန့်မှန်းပါတယ်။

ကမ္ဘာ့ဆန်စားသုံးမှုနဲ့တင်သွင်းမှုအများဆုံး တရုတ်နိုင်ငံမှာ စပါးစိုက်ဒေသကြီးတွေ အပူချိန်လွန်ကဲမှုဒဏ်ခံခဲ့ရတာ ကြောင့် သီးနှံအထွက်ထိခိုက်ပြီး ၂၀၂၂-၂၃ ရာသီမှာ ဆန်တန်ချိန် စံချိန်တင်ပမာဏ တန်ချိန်ခြောက်သန်းအထိ တင်သွင်းရနိုင် တယ်လို့ အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) က ခန့်မှန်းထားပါတယ်။ တရုတ်ဟာ အရင်နှစ်တုန်းကတော့ ဆန်တန်ချိန် ၅ ဒသမ ၉ သန်း တင်သွင်းခဲ့တာ ဖြစ်ပါတယ်။

ကမ္ဘာ့ဆန်စားသုံးမှု တတိယအများဆုံး ဘင်္ဂလားဒေ့ရှ်မှာဆိုရင်လည်း ရေကြီးရေလျှံတာကြောင့် အဓိကစပါးစိုက်ဒေသ တွေမှာ သီးနှံတွေပျက်စီးခဲ့ပြီး ဒီနှစ်ထဲမှာ ဆန်ပိုမိုတင်သွင်းရနိုင်တယ်လို့ ကုန်သည်တွေက ပြောထားပါတယ်။ အိန္ဒိယကလွဲလို့ တခြားနိုင်ငံတွေရဲ့ ထွက်နှုန်းလျော့နည်းမှုပမာဏ ပြည့်ပြည့်စုံစုံကို စောင့်ကြည့်လေ့လာ သူတွေရော၊ အစိုးရအေဂျင်စီတွေကပါ

ထုတ်ပြန်ထားခြင်းမရှိသေးဘဲ နှစ်ကုန်ပိုင်းလောက်မှသာ သိရနိုင်ပါတယ်။

မိုးလေဝသအခြေအနေမပေးတာရဲ့ သက်ရောက်မှုကို လက်တွေ့ခံစားနေရပြီဖြစ်ပြီး ယခုအပတ်အတွင်း အိန္ဒိယနဲ့ ထိုင်းနိုင်ငံတို့ရဲ့ ဆန်တင်ပို့ဈေးတွေ အနည်းငယ်မြင့်တက်ခဲ့တာတွေ့ရပါတယ်။ "ဆန်ဈေးတွေဟာ အနိမ့်ဆုံးနား ကပ်လောက်တဲ့အထိ ကျပြီးခဲ့ပြီ။ အခု အဲဒီနှုန်းထားကနေ ပြန်တက်လာတာ တွေ့ရတော့မယ်" လို့ စင်္ကာပူနိုင်ငံအခြေစိုက် ကုန်သည်တစ်ယောက်က ပြောပါတယ်။ "ဖိလစ်ပိုင်နဲ့ တခြား အာဖရိကဝယ်လက်တွေဟာ ဆန်မှာယူဖို့လုပ်နေကြတာကြောင့် ဝယ်လိုအားဟာ မြင့်တက်လာပါလိမ့်မယ်" လို့ သူကပြောပါတယ်။

**Ref: Analysis: Global rice supplies at risk as harsh weather hits top exporters**

https://greenwaymyanmar.com/posts/Global_rice_supplies_at_risk

## ကျပ် ၁ သိန်းကျော်နဲ့ ၃ သိန်းနီးပါးထိခုန်တက်တဲ့ မတ်ပဲ၊ ပဲစင်းငုံဈေးများ



https://greenwaymyanmar.com

ဒီတစ်ပတ် ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်အဖွင့်မှာတော့ မတ်ပဲဈေးဟာ အမျိုးအစား အလိုက် တစ်တန်ကို ၁ သိန်း၊ ၁ သိန်းခွဲနီးပါး ဈေးတက်လာပြီး ပဲစင်းငုံနီကတော့ အတက်ပိုကြမ်းခဲ့ကာ တစ်တန်ကို ကျပ် ၂၈ဝဝဝဝ နီးပါးထိ ဈေးခုန်တက်သွားပါတယ်။စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာတဲ့ ဈေးကွက်ဈေးနှုန်းတွေအရ သိရတာပါ။

ပြီးခဲ့တဲ့အပတ်သောကြာနေ့ ဩဂုတ် ၅ ရက်က တစ်တန်ကို ကျပ် ၁၆၆၇၅ဝဝ ပဲ ဈေးရှိခဲ့တဲ့ မတ်ပဲ(FAQ/RC-2022) ဈေးဟာ အခုအပတ်ဈေးအဖွင့် ဒီနေ့(ဩဂုတ် ၈)မှာတော့ ကျပ် ၉၂၅ဝဝ ဈေးတက်သွားပြီး တစ်တန်ကို ၁၇၆ဝဝဝဝ (တစ်တင်း ၅၆၆ဝဝ ကျပ်) ဖြစ်သွားတာပါ။

အလားတူ ဩဂုတ် ၅ ရက်က တစ်တန်ကို ကျပ် ၁၉၃၂၅ဝဝ သာဈေးရှိခဲ့တဲ့ မတ်ပဲ(SQ/RC-2021) ဈေးဟာလည်း ဒီနေ့ (ဩဂုတ် ၈)မှာတော့ ကျပ် ၁၄၂၅ဝဝ ကျပ် ဈေးတက်သွားပြီး တစ်တန်ကို ၂ဝ၇၅ဝဝဝ (တစ်တင်း ၆၆၇ဝဝ ကျပ်) ဖြစ်သွားပါတယ်။

ပဲစင်းငုံနီဈေးကတော့ အတော်လေးကို အတက်ကြမ်းပါတယ်။ ပြီးခဲ့တဲ့အပတ်သောကြာနေ့ ဩဂုတ် ၅ ရက်က တစ်တန်ကို ၁၆၁၂၅ဝဝ ကျပ်သာရှိရာကနေ ဒီနေ့(ဩဂုတ် ၈)မှာတော့ ၂၇၇၅ဝဝ ကျပ် ဈေးတက်သွားပြီး တစ်တန်ကို ၁၈၉ဝဝဝဝ ကျပ် (တစ်တင်း ၆ဝ၇၇ဝ ကျပ်) ထိ ဖြစ်သွားတာပါ။ ဒီလိုဈေးတွေတက်ရတာဟာ ဗဟိုဘဏ်က ဒေါ်လာဈေး တိုးမြှင့်သတ်မှတ်လိုက်မှုကြောင့်လို့ AMIA က သုံးသပ်ထားပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဩဂုတ် ၅ ရက် ညနေပိုင်းကစပြီး ဗဟိုဘဏ်ရည်ညွှန်း ဒေါ်လာငွေလဲနှုန်းကို ကျပ် ၁၈၅ဝ ကနေ ကျပ် ၂၁ဝဝ ကို ပြောင်းလဲသတ်မှတ်ခဲ့တာပါ။

ဒါပေမဲ့ အခုလို ဈေးတွေမြင့်တက်နေပေမယ့် မတ်ပဲက အရောင်းအဝယ်မရှိသလောက်ဖြစ်နေသလို ပဲစင်းငုံနီတွေကလည်း လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်လို့ AMIA ရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ပဲစင်းငုံနီအရောင်းအဝယ်နဲ့ ပတ်သက်လို့ ကုန်သည်ကြီးတွေကတော့နားထားပြီး ကုန်သည်အလတ်တွေကတော့ အမြင့်ဈေးနဲ့ရောင်းနေတယ်လို့သိရ ကြောင်းလည်း AMIA က ဆိုထားပါတယ်။

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ကိုးကားဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Pigeon_Pea_Blackgram_Market

## ရခိုင်ပြည်နယ်၌ ရေချိုငါးမြစ်ချင်း ဧက ၁ဝဝဝ မွေးမြူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့ရန် ဆောင်ရွက်နေ

ရခိုင်ပြည်နယ် မင်းပြား-ပေါက်တောကားလမ်းဘေး ချောင်းရှည်ရွာရှိ ငါးသားဖောက်စခန်းတွင် ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနက ဩဂုတ်လ ပထမပတ်မှစ၍ ငါးမြစ်ချင်းသားဖောက်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး ရေချိုငါးမြစ်ချင်းဧက ၁ဝဝဝ မွေးမြူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကရေချိုထွက်ကုန်အဖြစ် တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်နေကြောင်းသိရသည်။

နိုင်ငံတော်မှ စိုက်ပျိုးရေးနှင့်မွေးမြူကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ပံ့ပိုးမှု၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ အားဖြည့်ကြိုးပမ်းမှုဖြင့် ရေချိုငါး/ပုစွန်မွေးမြူမှု နည်းသောနေရာ၌ ဝယ်လိုအားရှိနေသော ငါးမြစ်ချင်းကို အနီးဆုံးဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာတင်ပို့နိုင်ရန် ရှေ့ပြေး Pilot Project အနေဖြင့် ငါးမွေးမြူရေးဇုန်ကို စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

ရေချိုမွေးမြူရေးဧက ၁၀၀၀ နှင့် ရေငန်မွေးမြူမှု ဧက ၁၅၀၀ ဖြင့် ဧက ၂၅၀၀ ရေချို/ ရေငန်မွေးမြူရေးကဏ္ဍတွင် ရေချိုမွေးမြူရေးကို ကနဦးအကောင်အထည်ဖော်ခြင်းဖြစ်ပြီး ဒေသခံမွေးမြူရေးတောင်သူများ စိတ်ဝင်စားပါက တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီမှနည်းပညာနှင့် အရင်းအနှီးစိုက်ထုတ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးကန် ဧက ၁၀၀၀ မှထွက်ရှိသော ငါးမြစ်ချင်းကို အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ပြီး ရေချိုငါးဈေးကွက်ကြီးတစ်ခုပေါ်ထွန်းလာရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြေပြင်တွင် ရေချို/ရေငန် အမှန်တကယ်မွေးမြူမှု အဆင်ပြေစေရန် ပြည်နယ်အစိုးရက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ရေချိုမွေးမြူရေးဇုန်၌ ပထမနှစ်တွင် ငါးမြစ်ချင်း ဧက ၁၀၀ မှစ၍ နှစ်စဉ်ဧက ၁၀၀ တိုးမြှင့်မွေးမြူ သွားမည်ဖြစ်ပြီး ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်ထားသောငါးသားဖောက်စခန်း တည်ရှိသည့်အတွက် ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ငါးမြစ်ချင်းသားပေါက်မှာယူရန်မလိုဘဲ လိုအပ်သောငါးသားပေါက်ကို လွယ်ကူစွာရရှိပြီး မွေးမြူရေးကဏ္ဍကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။

"မင်းပြားနဲ့ ပေါက်တောကားလမ်းဘေးက ချောင်းရှည်ဆိုတဲ့ရွာမှာ ပြည်နယ်ဘတ်ဂျက်နဲ့ ငါးသားဖောက်စခန်း တစ်ခုတည်ဆောက်ထားတယ်။ အခုသားဖောက်နေပြီဆိုတော့ လာမယ့်လမှာ ငါးသားပေါက် စပြီးထုတ်ပေးနိုင်မှာဖြစ်ပါတယ်။ ကနဦးကောင်ရေ နှစ်သိန်း၊ သုံးသိန်း စဖောက်ပြီးတော့ နောက်ပိုင်းပိုပြီး သားဖောက်သွားဖို့ရှိပါတယ်။ ဒီမှာရေချိုမွေးမြူမှုက နည်းတယ်။ ဈေးကွက်တစ်ခုကို တင်ပို့နိုင်ဖို့မရှိဘူး။ ဒါကြောင့် ရေချို/ရေငန်မွေးမြူရေးဇုန်ကနေ ဒေသခံတွေ အလုပ်အကိုင်ရရှိစေပြီး နိုင်ငံခြားဝင်ငွေ နှစ်စဉ်ရရှိစေမယ့် ငါးမြစ်ချင်းမွေးမြူမှုမှာ ငါးသားပေါက်ရရှိမှုဟာ အရေးပါတာကြောင့် အခုလို ပြည်နယ်အစိုးရရဲ့ပံ့ပိုးမှုနဲ့ သားဖောက်စခန်းတည်ဆောက်နိုင်မှုကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ရေချိုပုစွန်ထုပ်ကိုလည်း ဆက်ပြီးအကောင်အထည်ဖော်သွားမှာပါ။ ဒါဟာလည်း သက်ဆိုင်ရာပြည်နယ်အစိုးရရဲ့စိုက်ပျိုးမွေးမြူမှုကို အားပေးတဲ့ အကျိုးကျေးဇူးကြောင့်ပါ" ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးကပြောသည်။

ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်းတင်ပို့ရာတွင် ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တင်ပို့နေသော သယ်ယူစရိတ်နှင့် ကုန်ပစ္စည်းအရည်အသွေးကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ရေချိုစားသုံးမှုနည်း၍ မွေးမြူမှုနည်းသော ရခိုင်ပြည်နယ်၌ ပြည်ပပို့ကုန်အတွက် ယခုကဲ့သို့ ရေချိုငါးမွေးမြူထုတ်လုပ်နိုင်မှုသည် ပြည်နယ်ဖွံ့ဖြိုးဝင်ငွေတိုးစေမည့် အစီအမံကောင်းတစ်ခု ဖြစ်သည်။

ငါးမြစ်ချင်းကို ပြည်ပပို့ကုန်အတွက် နှစ်နှစ်မွေးမြူလေ့ရှိပြီး ပထမတစ်နှစ်တွင် သားပေါက်မှ ငါးဖြန်းအရွယ်၊ ဒုတိယနှစ်တွင် ငါးဖြန်းမှ ရောင်းတန်းဝင်ငွေ နှစ်ကီလိုကျော်အရွယ် မွေးမြူကြသည်။ ပို့ကုန်အလျှင်မီစေရန် စတင်မွေးမြူစဉ် တစ်လ၊ နှစ်လအတွင်း အသုတ်လိုက်ခွဲ၍ ထုတ်လုပ်မှုလည်ပတ်နိုင်ရန် မွေးမြူလေ့ရှိပြီး ရခိုင်ပြည်နယ်တွင် ရေချိုငါးမြစ်ချင်း ဧက ၁၀၀၀ မွေးမြူမှုနှင့်အတူ ရေငန်မွေးမြူထုတ်လုပ်ရေးကိုလည်း တစ်ပြိုင်တည်းဟန်ချက်ညီစွာ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: မြန်မာ့အလင်း**

# STOCK EXCHANGE (9.8.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Aug. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +100 | +1.43% | 7,100 | 7,100 | 7,100 | 190 | 1,349,000 | 33,109,694 | 235,079 |
| MTSH | 00002 | 2,400 | -50 | -2.04% | 2,450 | 2,500 | 2,400 | 1,819 | 4,470,400 | 38,929,150 | 93,430 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 3 | 21,000 | 10,400,986 | 72,807 |
| FPB | 00004 | 18,000 | +500 | +2.86% | 18,000 | 18,000 | 18,000 | 12 | 216,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 103 | 247,200 | 12,823,224 | 30,776 |
| EFR | 00006 | 2,400 | -50 | -2.04% | 2,400 | 2,400 | 2,400 | 82 | 196,800 | 19,977,223 | 47,945 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |


## Market summary

As of 9th Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 331.09 | +0.92 | +0.28% | 332.07 | 332.62 | 331.09 | 2,209 | 6,500,400 | 7 | 575,972 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 9th Aug. 2022

| MYANPIX | 331.09 ▲ 0.92 |
|---|---|
| Total Volume (shares) | 2,209 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 575,972 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▲ 100 |
| MTSH | 00002 | 2,400 | ▼ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 500 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,400 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |